# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 10 , 2025 | Volume 95, Number 6

၁၀. ၁၀.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၃.၁၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၈.၅၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၄.၅၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၇.၈၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၈၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၂၂ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

### ကျဆင်းနေသည့် ပဲစင်းငုံဈေးများ ပြန်လည်မြင့်တက်လာ




ကျဆင်းနေသည့် ပဲစင်းငုံဈေးများ ဆက်တိုက်ဈေးပြန်လည် မြင့်တက်လာကြောင်း ကုန်သည်များထံမှ သိရသည်။

အိန္ဒိယနိုင်ငံရှိ ပဲစင်းငုံ အများဆုံးစိုက်သည့် ဒေသများတွင် မိုးသည်းထန်စွာရွာခဲ့သည့်အတွက် ပဲစိုက်ခင်းများ ဆုံးရှုံးပျက်စီးခဲ့ပြီး ဈေးကွက်လိုအပ်ချက်အရ ဝယ်ယူမှုများလာပြီးနောက် အိန္ဒိယမှာရော မြန်မာပြည်တွင်းမှာပါ ပဲစင်းငုံဈေးများ တောက်လျှောက်နီးပါး မြင့်တက်လာခြင်း ဖြစ်ကြောင်း သိရသည်။

"မှန်းထားကြတာက မတ်ပဲဈေးကို အခုက ပဲစင်းငုံဈေးက ပြန်တက်လာတယ်။ မိုးကြောင့် အိန္ဒိယမှာ ပဲစိုက်ခင်းတွေ ဆုံးရှုံးမှုများခဲ့တာလို့ သိရသည်။

ဒါကြောင့် အဝယ်ရပ်နေတဲ့ အိန္ဒိယကုန်သည်တွေပြန်ပြီး အဝယ်ရှိလာလို့ ပြည်တွင်းက ပဲစင်းငုံဈေးတွေ ပြန်တက်လာတာ။ အိန္ဒိယနိုင်ငံကို တခြားနိုင်ငံက ပဲတွေ ဝင်လာမယ်ဆိုရင်တော့ ဈေးကတစ်မျိုးဖြစ်သွားနိုင်တယ်။ အဲ့ဒါကြောင့် စောင့်ကြည့်ရဦးမယ်" ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်စာရင်းအရ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ပဲစင်းငုံ တစ်တန်လျှင် ၂,၃၆၀,၀၀၀ ကျပ်သာရှိ ခဲ့ပြီး ယခု အောက်တိုဘာလတွင် ပဲစင်းငုံနီ တစ်တန်ဈေး ၂,၅၃၅,၀၀၀ ကျပ်အထိ မြင့် တက်လာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံသို့ အာဖရိကနိုင်ငံများဆီမှ ဈေးပိုသက်သာသည့် ပဲစင်းငုံများ ဝင်လာပါက တက်နေသည့် ပဲစင်းငုံဈေးကို ပြန်လည်ရပ်တန့်သွားနိုင်ကြောင်း သုံးသပ်ထားသည်။

သို့သော် ကုန်သည်များ ပြန်တက်လာမည်ဟု ခန့်မှန်းထားသည့် မတ်ပဲဈေးမှာတော့ ဈေးများကျဆင်းလျက်ရှိကြောင်း သိရသည်။

လက်ရှိ မတ်ပဲ FAQ တစ်တန်ကို ၂,၈၂၀,၀၀၀ ကျပ် ပေါက်ဈေးသာရှိတော့ကြောင်း သိရသည်။

လက်ရှိ ပြည်တွင်း ပဲစင်းငုံတင်ပို့ခွင့်ကိုလည်း အိန္ဒိယနိုင်ငံက အခွန်ကင်းလွတ်တင်သွင်းခွင့် သက်တမ်းတိုးပေးထားခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှာအဓိကစိုက်ပျိုးသည့် ပဲအမျိုးအစားတွေဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ဈေးနှုန်းအပြောင်းအလဲမှာ အဓိက ဝယ်လက်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒအပေါ်မှာလည်း အများကြီးသက်ဆိုင်ကြောင်းသိရသည်။

ပြည်ပနိုင်ငံများသို့ ပြည်တွင်းပဲများ တင်ပို့လျက်ရှိရာ အိန္ဒိယနိုင်ငံသို့ ၇၅ ရာခိုင်နှုန်းထိ တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source :** https://htwettoe.com/

## စပါးဈေးကျလို့ လယ်သမားတွေ ဆက်တိုက်အရှုံးပေါ်




ဆောင်းစပါး၊ မိုးစပါး၊ စပါးဈေးတွေ ဆက်တိုက်ကျဆင်းနေတာကြောင့် စပါးစောစောပေါ်တဲ့ ဧရာဝတီတိုင်းဒေသကြီးက တောင်သူလယ်သသမားတွေ ဆက်တိုက်အရှုံးပေါ်နေပါတယ်။

အခုက ပျမ်းမျှဈေးက ၁၀ သိန်း။ ဒီဈေးက လယ်တစ်ဧကကို တင်း ၉၀ – ၁၀၀ လောက်ထွက်မှ အရင်းကြေမဲ့ဈေး၊ ဒီနှစ်မိုးက ဆက်တိုက်များတာနဲ့ သွင်းအားစုတွေ ဈေးတက်တာနဲ့ ၇၀ တင်းလောက်ပဲထွက်တဲ့သူဆို ခွက်ခွက်လန်ရှုံးတာပဲလို့ ဟသ်ာတမြို့နယ်မှာနေထိုင်တဲ့ တောင်သူလယ်သမားရေးကူညီဆောင်ရွက်နေသူတစ်ဦးက ရှင်းပြပါတယ်။

ဧရာဝတီတိုင်းဒေသကြီးက လယ်သမားတွေဟာ ပြီးခဲ့တဲ့ ၂၀၂၄ – ၂၀၂၅ ခုနှစ် ဆောင်းစပါးကာလကတည်းက စပါးဈေးကျဆင်းမှုကြောင့် ဆက်တိုက်အရှုံးပေါ်လာခဲ့တာဖြစ်ပါတယ်။စပါးဈေးကို ၁၈ သိန်းလောက် မှန်းထားခဲ့ချိန်မှာ ၁၄ သိန်းဝန်းကျင်သာဈေးရခဲ့ပြီး ဒီဈေးနှုန်းဟာ သွင်းအားစုများများသုံးရတဲ့ ဆောင်းစပါးပေါ်ချိန်မှာ မိုးရွာသွန်းမှုတွေလည်း ဖြစ်ပေါ်ခဲ့တာ ကြောင့် ဆုံးရှုံးမှုများခဲ့ရတာဖြစ်ပါတယ်။

ကျွန်တော်တို့က ဒီဈေး(၁၄ သိန်း)နဲ့ဆို မိုးစပါးက သွင်းအားစုသိပ်မများတော့ ကိုက်လောက်တယ်လို့ မှန်းထားခဲ့တာ။ ကျွန်တော်တို့အတွက် အရင်းကျေတယ်ဆိုတာ လူရဲ့လုပ်အားခတွေ မပါဘူးလေ။ ပြီးခဲ့တဲ့ တစ်သီးတုန်းက ရှုံးလို့ မိုးစပါးတောင် ပျိုးခင်းမချနိုင်ဘူး၊ ကြဲခင်းပဲချခဲ့တာ။ ခုတော့ အသံတောင် မထွက်နိုင်တော့ပါဘူး လို့ ကျုံပျော်မြို့နယ်က လယ်သမားတစ်ဦးက ဆိုပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့အောက်တိုဘာ ၂ ရက်နေ့က ထုတ်ပြန်ချက်မှာတော့ အနိမ့်ဆုံးဈေးနှုန်းဟာ ၁၁ သိန်းဖြစ်ပြီး လယ်သမားတွေအနေနဲ့ ဈေးနှိမ်ခံရတာတွေ၊ စပါးရောင်းမထွက်တာတွေ ဖြစ်နေရင် ဆန်စပါးအသင်းချုပ်ရဲ့ ဒေသရုံးခွဲတွေကို ဆက်သွယ်ဆောင်ရွက်ကြဖို့ တိုက်တွန်းထားပါတယ်။

အခုက မိုးကလည်းရှိနေတော့ လယ်သမားတွေက စပါးမလှောင်နိုင်ကြဘူး။ နေသွေ့အောင်လှန်းဖို့လိုတာကိုး။ မလှောင်နိုင်တော့ရတဲ့ဈေးနဲ့ရောင်းရတယ်။ နည်းနည်းနောက်ကျတဲ့ ကွင်းတွေကတော့ ဈေးနည်းနည်း ပြန်တက်လာနိုင်တယ်။ အခုက ပြည်ပဆန်တင်ပို့မှုကို ခွင့်ပြုလိုက်ပြီ ဆိုတော့လေလို့ လယ်သမားတစ်ဦးက ပြောပါတယ်။

လက်ရှိ မိုးစပါးမှာ တကေ တင်း ၈၀ ထွက်သူတွေဟာ ငွေကျပ် ၂ သိန်းဝန်းကျင်အရှုံးရှိတယ်လို့လည်း စပါးစိုက်ရာမှာ ထည့်သွင်းရတဲ့ သွင်းအားစုတွေအပေါ် အခြေခံပြီး လယ်သမားတစ်ဦးက တွက်ပြခဲ့ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးက စပါးစိုက်ပျိုးသူ အများစုဟာ သီတင်းကျွတ်ကာလမတိုင်ခင်မှာ မိုးစပါးရိတ်သိမ်းမှုတွေ ပြုလုပ်ကြလေ့ရှိပြီး ဆောင်းရာသီ သီးနှံတွေ စိုက်ပျိုးနိုင်ဖို့ ပြင်ဆင်ကြလေ့ရှိပါတယ်။ ဒါကြောင့် ဧရာဝတီတိုင်းဒေသကြီးက စပါးအစောဆုံးထွက်ရှိတဲ့ ဒေသထဲမှာပါဝင်ပါတယ်။

လက်ရှိအချိန်မှာတော့ စပါးအရှုံးကြောင့်ရယ်၊ မိုးလေဝသ အခြေအနေကြောင့်ရယ် ဆောင်းသီးနှံတွေ စိုက်ပျိုးဖို့ကို ချင့်ချိန်နေကြတယ်လို့ လယ်သမားတွေဆီက သိရပါတယ်။

**Source :** https://www.facebook.com/deltanewsagency/

## မိုးရာသီနှင်းဆီပန်းမျိုးစုံဈေးကွက်



မိုးရာသီ မန္တလေးပန်းဈေးကွက်သို့ မန္တလေးတိုင်းဒေသကြီးရှိ အမရပူရခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာခရိုင်တို့မှ ထွက်သည့်ပန်းများ၊စစ်ကိုင်းတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်၊ တောင်ကြီးဒေသတို့မှထွက်သည့်ရောင်စုံနှင်းဆီပန်းမျိုးစုံ ဝင်ရောက်မှုများပြားလျက်ရှိပြီး အရောင်းသွက်လျက်ရှိကြောင်းသိရသည်။

ဈေးကွက်အတွင်း ရိုးရိုးနှင်းဆီနှင့် ရေမွှေးနှင်းဆီ ဟူ၍ နှစ်မျိုးတွေ့ရှိရပြီး၊ နှင်းဆီပန်းများမှာ အဖြူရောင်၊ အဝါရောင်၊ ပန်းရောင်၊ မိတ်ကပ်ရောင်၊ လိမ်မော်ရောင်၊ကြက်သွေးရောင်နှင့်အနီရင့်ရောင်တို့ကို အများအပြားတွေ့ရှိရသည်။

ကြက်သွေးရောင် နှင်းဆီပန်းမှာ ဝယ်ယူသူများ ပိုမိုနှစ်သက်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်အတွင်းဖြစ်ပေါ်သည့် လက်လီဈေးနှုန်းများမှာနှင်းဆီပန်းရိုးရိုး (၁၀ ပွင့်ပါ) ၁ စည်းလျှင် ပန်းအဖူး(ကြီး) ၂၅၀၀ ကျပ်နှင့် ၃၀၀၀ ကျပ်၊ ပန်းအဖူး(သေး) ၁၅၀၀ ကျပ်နှင့် ၂၀၀၀ ကျပ်၊ ရေမွှေးနှင်းဆီ ၃၅၀၀ ကျပ်နှင့် ၄၅၀၀ ကျပ် ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

ဝါတွင်းကာလ ဘုရားပွဲနှင့် အလှူပွဲတော်များကျင်းပသည့်အချိန်ဖြစ်၍ မိုးရာသီပန်းမျိုးစုံဈေးကွက်တွင် နှင်းဆီပန်းအရောင်မျိုးစုံ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

**Source : DOCA**(မန္တလေး)

https://www.doca.gov.mm/

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကွမ်းရှပ်ခြောက်ပိသာ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကွမ်းရှပ်ခြောက်ပိသာ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လ တစ်လတာကာလအတွင်းက ငါးကွမ်းရှပ်ခြောက်ပိသာ ၅၂,၀၀၀ ကျော်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ ငါးကွမ်းရှပ်ခြောက်ပိသာ ၆၇,၀၀၀ ကျော် အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးကွမ်းရှပ်ခြောက်တွေကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ပိဿာ ၆၇,၀၀၀ ကျော်အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေကို ရန်ကုန် ဈေးကွက်က အဝယ်လိုက်နေပါတယ်။လက်ရှိအရောင်းအဝယ်လုပ်နေတဲ့ ငါးကွမ်းရှပ်ခြောက်တွေက ပြီးခဲ့တဲ့နွေရာသီက လုပ်ထားတဲ့ ငါးခြောက်တွေပါ။ ငါးကွမ်းရှပ်ခြောက်တွေက ပြည်တွင်းမှာ စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ဖျာပုံမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ငါးပိ၊ ငါးခြောက်များကို ပြုလုပ်၍ မှာယူသည့်ဒေသများသို့ တင်ပို့ရောင်းချခြင်းဖြစ်သည်။ ထိုသို့တင်ပို့ရောင်းချရာတွင် ဒေသထွက်ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်မျိုးစုံကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## မြစ်သားမြို့နယ်တွင်နှံစားပြောင်းသီးနှံများစတင်ထွက်ရှိ



ကျောက်ဆည်ခရိုင်အတွင်း သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းပြီး ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ နေကြာ၊ မြေပဲများအပြင် ဈေးကွက်ဝယ်လိုအားရှိပြီး ကျွဲ၊နွားစာပါဖူလုံသောနှံစားပြောင်းသီးနှံကိုလည်းစိုက်ပျိုးလျက်ရှိသည်။

၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစ်သားမြို့နယ်တွင် နှံစားပြောင်းသီးနှံကို ၄၄၄ ဧက စိုက်ပျိုးခဲ့ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးရာတွင် မျိုးအနေဖြင့် တိုးနီမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုး ၄ ပြည် စိုက်ပျိုးရပြီး၊ ၁ ပြည်လျှင်၂၀၀၀ ကျပ်ဖြင့် ဝယ်ယူရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထယ်စနစ်ဖြင့် စိုက်ကြောင်းဆွဲ အစေ့ချ၊ အတန်းလိုက်စိုက်ပျိုးရကြောင်း၊ ၎င်းသီးနှံအား ဆည်ရေမရရှိသော ယာမြေများတွင်အများဆုံးစိုက်ပျိုးကြကြောင်း၊စိုက်ပျိုးမှု တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၃၀၀,၀၀၀ ကျပ်ခန့် ကုန်ကျကြောင်း၊ မေလတွင် စတင်စိုက်ပျိုးပြီး ယခု နိုဝင်ဘာလဆန်းတွင် စတင်ထွက်ရှိနေပြီဖြစ်ကြောင်း၊ ယခင်နှစ် အထွက်နှုန်းအနေဖြင့် ၂၅–၃၀ တင်းခန့် ထွက်ရှိပြီး ယခုနှစ်တွင် ရာသီဥတုကောင်းသောကြောင့်တစ်ဧကလျှင် အထွက်နှုန်းအနေဖြင့် ၃၅ – ၄၅ တင်းခန့် ထွက်ရှိမည် ဟုခန့်မှန်းရကြောင်း ၊ဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် နှံစားပြောင်း တစ်တင်းလျှင် ၂၃,၀၀၀ ကျပ် ရရှိခဲ့ပြီး ယခု ပေါ်စအချိန်တွင် နှံစားပြောင်းဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ၁၈,၀၀၀ ကျပ် ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိပြီး တောင်သူများမှ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ နှံစားပြောင်းသီးနှံ စိုက်ပျိုးခြင်းဖြင့် စီးပွားဖြစ်ဝင်ငွေတိုးရုံသာမက ကျွဲ၊ နွားစာပါ ဖူလုံသောကြောင့် တောင်သူများတိုးချဲ့စိုက်ပျိုးနေကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## တရုတ်၏ လျှပ်စစ်မော်တော်ယာဉ်တင်ပို့မှုများကို ၂၀၂၆ ခုနှစ်မှစ၍ ပါမစ်ဖြင့်သာ ခွင့်ပြုတော့မည်



တရုတ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ လျှပ်စစ်မော်တော်ကားထုတ်လုပ်သူများသည်၂၀၂၆ ခုနှစ်၊ဇန်နဝါရီ၁ ရက်မှ စ၍ ပို့ကုန် ပါမစ်ရယူရန်လိုကြောင်း ၊ လျှပ်စစ်နည်းပညာသုံးမော်တော်ယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို မြင့်တင်ရန်နှင့် ကမ္ဘာ့လျှပ်စစ်မော်တော်ကားဈေးကွက်ကို ဦးဆောင်နိုင်ရန်အတွက် ဖြစ်ကြောင်း ဖော်ပြထားသည်။

တရုတ်သည် ကမ္ဘာ့အကြီးဆုံး မော်တော်ကား တင်ပို့ရောင်းချသည့်နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ပြည်ပသို့ ကားအစီးရေ ၅ ဒသမ၅ သန်းခန့် ရောင်းချခဲ့ရာ ၄၀ ရာခိုင်နှုန်းနီးပါးသည် လျှပ်စစ်ကားများဖြစ်ကြောင်း၊ အမေရိကန်နှင့်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက တရုတ်လျှပ်စစ်ကားများအပေါ် အစိုးရ၏ ထောက်ပံ့မှုများ ရယူကာ အသာစီးရနေကြောင်းနှင့် အခွန်စည်းကြပ်ရန် ဆောင်ရွက်နေသည်။

မကြာသေးမီကာလများအတွင်း တရုတ်အစိုးရက တရုတ်လျှပ်စစ်ကား ရောင်းလိုအားတိုးလာခြင်းနှင့် ဈေးနှုန်းကျဆင်းခြင်းတို့ကို ဖြေရှင်းရန်ကြိုးပမ်းခဲ့ပြီး လေ့လာသုံးသပ်သူများက လျှပ်စစ်ကားဈေးကွက်သည် "involution" ဟု ခေါ်သော ကုမ္ပဏီများနှင့် စက်မှုလုပ်ငန်းများအကြား အဓိပ္ပာယ်မဲ့ယှဉ်ပြိုင်မှုများကြောင့် ထိခိုက်နေသည်ဟုဆိုသည်။

အထူးသဖြင့် လျှပ်စစ်ကားဈေးကွက် ဦးဆောင်သူ BYD က ယခုနှစ် အစောပိုင်းတွင် ဈေးနှုန်းလျှော့ချခဲ့ရာ ပြိုင်ဘက်များကလည်း ဈေးနှုန်းအပြိုင်လျှော့ချခဲ့ကြသဖြင့် ဝေဖန်မှုများရှိခဲ့ပြီး Great Wall Motors ၏ ဥက္ကဋ္ဌ Wei Jianjun က ယခုလို ဆက်သွားပါက လျှပ်စစ်မော်တော်ကားကဏ္ဍသည် စိုးရိမ်ဖွယ်ဖြစ်ကြောင်း သတိပေးခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ တရုတ်၏ပြည်တွင်း လျှပ်စစ်မော်တော်ကားကဏ္ဍသည် ၂၀၂၅ခုနှစ် ပထမနှစ်ဝက်တွင် အရောင်းရဆုံး စံချိန်တင်ခဲ့ပြီး ခရီးသည်တင်ယာဉ်ရောင်းချရမှု စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း ကျော် ပါဝင်ခဲ့ကြောင်း သိရသည်။

**Source : https://apnews.com/article /china-electric-veh.**

https://commerce.gov.mm/

## ဒေါ်လာဈေးကျခြင်းနှင့် အမေရိကန်၏အတိုးနှုန်းလျှော့ချနိုင်ချေများကြောင့် ရွှေဈေးတစ်အောင်စလျှင် ဒေါ်လာ ၃၈၀၀ ကျော်သို့ မြင့်တက်



အမေရိကန်ဒေါ်လာဈေးနှုန်းကျဆင်းမှုနှင့် ယခုနှစ်အတွင်း ဗဟိုဘဏ် (Federal Reserve) မှ အတိုးနှုန်းများ ထပ်မံလျှော့ချမည်ဟု မျှော်မှန်းချက်များကြောင့် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၈၀၀ ကျော်အထိ မြင့်တက်ခဲ့သည်။

ယင်းမှာ ရွှေတစ်အောင်စလျှင် ၁ ဒသမ ၅ ရာခိုင်နှုန်း ဈေးတက်လာခြင်းဖြစ်ပြီး ဒီဇင်ဘာလအတွက် အမေရိကန်ရွှေ Future ပေါက်ဈေးသည် သုည ဒသမ ၉ ရာခိုင်နှုန်းတိုးကာ တစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၃၈၄၄ အထိ တက်ခဲ့သည်။

အမေရိကန် ဒေါ်လာညွှန်းကိန်းသည် အခြားသောငွေကြေးများနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းနေပြီး အမေရိကန်ဒေါ်လာဖြင့်ရောင်းသော ရွှေကို ပြည်ပမှဝယ်ယူပါက ဈေးနည်းမည်ဖြစ်သည်။

အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်များအရ တစ်ဦးချင်းအသုံးစရိတ်ဈေးနှုန်းညွှန်းကိန်း (Personal Consumption Expenditure Price Index) သည် ဇူလိုင်လတွင် သုည ဒသမ ၂ ရာခိုင်နှုန်းနှင့် ဩဂုတ်လတွင် သုည ဒသမ ၃ ရာခိုင်နှုန်း တက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ငွေကြေးဖောင်းပွမှုညင်သာခြင်းကြောင့် ဗဟိုဘဏ်က အောက်တိုဘာမှ ဒီဇင်ဘာအတွင်း အတိုးနှုန်း ထပ်မံလျှော့ချနိုင်ကြောင်း၊ ရွှေဈေးသည် ယခုအပတ်အတွင်း မှတ်တမ်းတင် တက်လာနိုင်ပြီး သတိထားရန်လိုကြောင်း စီးပွားရေးလေ့လာသူတစ်ဦးက ခန့်မှန်းထားသည်။

ကုန်သည်များက ဗဟိုဘဏ်သည် အတိုးနှုန်းကို အောက်တိုဘာလတွင် ၉၀ ရာခိုင်နှုန်းနှင့် ဒီဇင်ဘာလတွင် ၆၅ ရာခိုင်နှုန်း လျှော့ချမည်ဟု ခန့်မှန်းထားကြသည်။

ရွှေသည် အတိုးနှုန်းနိမ့်ကျသောပတ်ဝန်းကျင်၊ ပထဝီနိုင်ငံရေးနှင့် စီးပွားရေးမတည်ငြိမ်မှုကာလများတွင် အရောင်းရဆုံးကုန်ပစ္စည်းဖြစ်သည်။

ပြီးခဲ့သည့်အောက်တိုဘာ ၈ ရက်မှစ၍ အာရှရှယ်ယာဈေးကွက်များ သတိကြီးစွာဖြင့် လည်ပတ်ခဲ့ကြပြီး အမေရိကန်၌ ရင်းနှီးမြှုပ်နှံသူများက အစိုးရယန္တရားရပ်နားနိုင်ခြေအပေါ် ကြိုတင်ပြင်ဆင်ထားကြသည်။ ငွေဈေးသည် တစ်အောင်စလျှင် ၄၇ ဒသမ ဝ၄ ဒေါ်လာဖြင့် ၂ ဒသမ ၃ ရာခိုင်နှုန်း ၊ပလက်တီနမ်ဈေးသည် ၁,၆၂၃ ဒသမ ၈၈ ဒေါ်လာဖြင့် ၃ ဒသမ ၆ ရာခိုင်နှုန်းနှင့် ပလက်ဒီယမ်ဈေးသည် ၁၂၉၅ ဒသမ ၁၉ ဒေါ်လာဖြင့် ၂ ရာခိုင်နှုန်း ခန့်အသီးသီး မြင့်တက်ခဲ့သည်။

**Source : http://thesun.my /world-news**

https://commerce.gov.mm/

## STOCK EXCHANGE (10.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Oct 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,337 (Shares) | 33,156,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +100 | +1.27% | 7,900 | 8,000 | 7,900 | 2,363 | 18,824,900 | 33,109,694 | 264,878 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 1,320 | 4,488,000 | 38,929,150 | 132,359 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 3 | 23,700 | 10,400,986 | 82,168 |
| FPB | 00004 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 40 | 104,000 | 29,664,613 | 77,128 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 550 | 1,512,500 | 12,823,224 | 35,264 |
| EFR | 00006 | 2,000 | +50 | +2.56% | 1,900 | 2,000 | 1,850 | 3,873 | 7,578,700 | 19,977,223 | 39,955 |
| AMATA | 00007 | 3,350 | +0 | +0.00% | 3,300 | 3,350 | 3,300 | 158 | 521,900 | 10,497,598 | 35,167 |
| MAEX | 00008 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 30 | 102,500 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 9th Oct. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.12 | +2.91 | +0.74% | 394.21 | 397.12 | 393.15 | 8,337 | 33,156,200 | 8 | 749,046 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 9th Oct. 2025

| Trading Volume | Trading Value |
|---|---|
| 8,377 (Shares) | 33,267,200 (MMK) |

### Main Board

As of 1:00 pm, 9th Oct. 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,337 (Shares) | 33,156,200 (MMK) |

| MYANPIX | 397.12 ▲ 2.91 |
|---|---|
| Total Volume (shares) | 8,337 |
| Total Value (MMK) | 33 mil |
| Listed Company | 8 |
| Market Cap. (MMK) | 749,046 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 100 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 2,600 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 50 |
| AMATA | 00007 | 3,350 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 50 |